## ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့က ကောင်းပါတယ်ဆိုလို့ ကျွန်တော်လက်ခံတာ၊ မကောင်းရင် ကျွန်တော်ကိုယ်တိုင်တိုက်မှာပဲဆိုတဲ့ ဒီပဲယင်းက NLD ဦးဘိုမောင်း

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့တွင် ဇွန် ၁ ရက် (သောကြာ)နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားနိုင်ငံရေး အင်အားစုများ၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲ၌ ဒီမို NLD ဦးဘိုမောင်းအား လျှပ်တပြက်ဂျာနယ်မှမေးမြန်းဖြစ်ခဲ့သည်။

NLD ပါတီဝင်တွေစုစည်းထားတဲ့ NLD ပါတီတစ်ခုတည်းကိုတောင် အမျိုးသားနိုင်ငံရေးကို လက်တွေ့မလုပ်လို့ စွန့်ခွာခဲ့တဲ့ ဦးဘိုမောင်းက အခုလိုမတူညီတဲ့ အဖွဲ့အစည်းတွေပေါင်းစပ်ထားတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုတွေထဲ ပေါင်းလိုက်တဲ့အခါ ဦးဘိုမောင်းလိုချင်တဲ့ အမျိုးသားနိုင်ငံရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်မယ်လို့ယူဆပါသလား။

ကျွန်တော့်ရည်ရွယ်ချက်ကတော့ အမျိုးသားနိုင်ငံရေးကို ဆက်လုပ်ပါမယ်။ သာဓကကြီး တစ်ခုရှိခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ တစ်ချိန်ကပေါ့၊ ညီလာခံကြီးကျင်းပဖို့ ပြည်သူ့လွှတ်တော်ခေါ်မယ်ဆိုပြီး စိုင်းပြင်းနေတဲ့အချိန် ကျွန်တော်တို့နဲ့ MI နဲ့ထိပ်တိုက်တွေ့နေတဲ့ကာလပေါ့။ ကျွန်တော်တို့ကလည်း အဲဒီအချိန်တုန်းက အကျယ်ချုပ်ခေတ်က သူပုန်ထတဲ့သူကတစ်မျိုး၊ ပြီးတော့ MI အပိုင်းကကျွန်တော်တို့အပေါ်မှာ နည်းမျိုးစုံနဲ့တစ်မျိုး၊ ကျွန်တော်တို့ကလည်း အဲဒီအပေါ်မှာ ကျွန်တော်ခြေချုပ်ချုပ်ခံနေရတဲ့အပေါ်မှာ အဲဒီခြေချုပ်ကိုပျက်ကွက်လို့ဆိုပြီး MI ကဖမ်းပြီး မုံရွာကိုပို့တယ်။ မုံရွာရောက်တဲ့အခါ အခန်းကျဉ်းလေးထဲမှာ တပ်မှူးနဲ့ နှစ်ယောက်တည်းစကားပြောတယ်။ အဲဒီလိုပြောတဲ့ အခါမှာ နောက်ဆုံး သူကျေနပ်သွားတဲ့စကားလေးရှိတယ်။ သူကဘယ်အဖွဲ့အစည်းက ဘယ်လိုမကောင်းပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုမကောင်းပါဘူးပြောတယ်၊ ကျွန်တော်က ဟာ မဟုတ်ဘူး။ ဒါကတပ်မှူးတို့သဘောပဲ။ ကနေ့ ကျွန်တော်လုပ်နေတာတွေက ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့က ကောင်းပါတယ်ဆိုလို့ လက်ခံတာ။ တစ်ချိန်မှာ မကောင်းရင် ဆရာတို့မပြောနဲ့ ဒေါ်စုကိုကျွန်တော်ကိုယ်တိုင် တိုက်မယ်။ ကျွန်တော်ကအမျိုးသားရေးပဲ၊ အဲ တစ်ခုတော့ရှိတယ်။ တပ်မတော်ကိုတော့ ကျွန်တော်လက်ခံတယ်။ အဲတပ်မတော်ထဲမှာမကောင်းတဲ့သူတွေရှိရင်တော့ ကျွန်တော်ကိုယ်တိုင် တိုက်မယ်။ အဲဒီလိုပဲ တပ်မတော်ထဲမှာ မကောင်းတဲ့သူတွေကိုတိုက်သလိုပဲ၊ NLD ပါတီထဲမှာရှိတဲ့ မကောင်းတဲ့သူတွေကိုလည်း တိုက်မှာပဲ။ ကျွန်တော်တို့ရည်မှန်းတဲ့လမ်းကြောင်းတွေလွဲချော်နေတာကို ကျွန်တော်တိုက်နေပါတယ်။ ဒီနေ့မှာ ကျွန်တော်ဟာ အမျိုးသားနိုင်ငံရေးအဖွဲ့တွေနဲ့ပူးပေါင်းဖို့ လက်မှတ်ရေးထိုးပြီးတဲ့နေ့ကစပြီး အမျိုးသားနိုင်ငံရေးအဖွဲ့တွေနဲ့ ရှေ့ဆက်ပြီး လက်တွဲဆောင်ရွက်သွားမှာပါ။ ဒါကြောင့် အမျိုးသားနိုင်ငံရေးနဲ့ပတ်သက်ရင် မည်သည့်အဖွဲ့အစည်းနဲ့မဆို ကျွန်တော် လက်တွဲမှာပါ။ ကနေ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုပ်ရပ်ဟာ အမျိုးသားနိုင်ငံရေးနဲ့သွေဖီနေတယ်လို့ ယူဆတဲ့အတွက် အဖွဲ့ချုပ်က ကျွန်တော်နှုတ်ထွက်ခဲ့ခြင်းဖြစ်ပါတယ်။ တစ်ချိန်မှာ သူအကျယ်ချုပ်ကလွတ်မြောက်လာပြီး စိတ်ထားပြောင်းသွားလို့ အမျိုးသား နိုင်ငံရေးလမ်းကြောင်းထဲဝင်လာရင်လည်း ကျွန်တော်တို့လက်တွဲမှာပါ။

ဒေါ်အောင်ဆန်းစုကြည်ကိုအကျယ်ချုပ်တစ်နှစ်တိုးတာနဲ့ပတ်သက်ပြီး ဒီပဲယင်းမြို့နယ်က ဦးဘိုမောင်းက ဒေါ်အောင်ဆန်းစုကြည်အပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်ကိုအကျယ်ချုပ်တစ်နှစ်သက်တမ်းတိုးတာနဲ့ပတ်သက်လို့ သူ့အတိုင်းအတာကဘယ်လိုရှိလဲ ကျွန်တော်တို့ မသိဘူးလေ။ ဘာကြောင့်လည်းဆိုတော့ သူ့ကိုရန်ကုန်မှာ အကျယ်ချုပ်ထားတယ်။ ကျွန်တော်က ဒီပဲယင်းမှာနေတာဆိုတော့ မသိဘူးပေါ့။

S. S. M. M